# Forward



## Do Not Track : တစ်ကိုယ်ရည်လုံခြုံရေးအတွက် အခေါ်အဝေါ်အသစ်

တာဝန်ရှိသူတွေက သိုလှောင်ထားတဲ့ အချက်အလက်တွေ transparent ဖြစ်ဖို့ net ကုမ္ပဏီတွေကို တောင်းဆို လာကြပါတယ်။ ဒါပေမဲ့ ဒီထိန်းချုပ်လုပ်ဆောင်မှုတွေကို tool အနည်းငယ်နဲ့ လုပ်ဆောင်နိုင်ပါတယ်။

ယခု online ကနေ ခြေရာခံလိုက်တာက အရမ်းကိုခေတ်စားတဲ့ အရာတစ်ခုဖြစ်လို့နေပါတယ်။ မကြာသေးခင်ကလည်း FTC က online businesses အချက်အလက်စုဆောင်းမှု *(find.pcworld.com/72871)* နဲ့ ပတ်သက်ပြီး အခမဲ့ လေ့ကျင့်မှုတွေပြုလုပ်ဖို့ အဆိုတင်သွင်းခဲ့ပါတယ်။ နောက်ထပ်အဆိုတစ်ခုကတော့ လာမယ့် web browser တွေမှာ universal"do not track" function ကို ထည့်ဖို့ပဲ ဖြစ်ပါတယ်။

ဒီ universal "do not track" က အရမ်းစိတ်ချရတာတော့ မဟုတ်ပါဘူး။ သူက website တစ်ခုကို browser တစ်ခုကနေပြီးတော့ "please do not track me" ဆိုတဲ့ တောင်းဆိုမှုလေးတစ်ခု ပေးပို့ရုံပဲ ပေးပို့မှာပါ။ Internet ဘုရင်ကြီးတွေဖြစ်တဲ့ Facebook နဲ့ Google တို့ရဲ့ အရင်ကလို ပုံမှန်မဟုတ်တဲ့ လုပ်ဆောင်ချက်တွေကြောင့် ဒီတင်သွင်းချက်က အားထားရဖို့တော့ သိပ်မလွယ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒါက site ပိုင်ရှင်တွေရဲ့ သဘောအပေါ်မှာ မူတည်နေလို့ပဲဖြစ်ပါတယ်။

ဒါပေမဲ့လည်း ဒီအဆိုက internet business ရဲ့ လုပ်အားပေးအဖွဲ့အတွက် FTC ရဲ့ အဓိကလုပ်ဆောင်မှုလည်းဖြစ်ပါတယ်။ အမှန်တော့ agency က privacy control ကို ထုတ်ကုန်နဲ့ ဝန်ဆောင်မှု design တွေမှာ ပေါင်းထည့်သင့်တယ်လို့ အကြံပြုထားပါတယ်။ ဒါမှအသုံးပြုသူတွေက မိမိပိုင်အချက်အလက်တွေရဲ့ လုံခြုံရေးကို ထိန်းချုပ်တဲ့နေရာမှာ လွယ်လွယ် ကူကူနဲ့ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ပြီးတော့ ဒီလိုပေါင်းထည့်ထုတ်လုပ်ခြင်းက အချက်အလက်စုဆောင်းမှု အလေ့အကျင့်ကိုပါ မြင်သာ သွားစေပါတယ်။

ဒါတွေအားလုံးရဲ့ အဓိကသော့ချက်ကတော့ ပွင့်လင်းမှုပဲဖြစ်ပါတယ်။ Site တွေတော်တော်များများက ကိုယ်နောက်တစ်ကြိမ်ဝင်လာရင် ပြန်မှတ်မိအောင် code တွေနဲ့ဖွဲ့စည်းထားတဲ့ cookies ကို သုံးကြတာများပါတယ်။ Web နဲ့ပတ်သက်တဲ့ အလုပ်တွေလုပ်နေတဲ့နေရာမှာ တစ်ချို့ cookies တွေကအရေးပါ ပါတယ်။ ဒါပေမဲ့ တစ်ချို့ cookies တွေက ကိုယ်သွားလေရာ website တွေအထိပါလာတတ်ပါတယ်။ ဒါတွေကို tracking cookies လို့ခေါ်ပါတယ်။ သူတို့က ကိုယ် browsing လုပ်လေ့လုပ်ထရှိတာတွေ၊

လုပ်ဆောင်ချက်တွေကိုမှတ်သားထားပြီးတော့ ကုမ္ပဏီတွေက သင့် လျော်တဲ့ကြော်ငြာတွေပြသဖို့ကို ကူညီပေးပါတယ်။




Ghostery က cookies နဲ့ တခြားမမြင်နိုင်တဲ့ tracker တွေကို ဖော်ထုတ်တားဆီးပေးနိုင်ပါတယ်။

## အသုံးပြုမဲ့ကိရိယာများ

Site တွေက ကိုယ့်နောက်ကနေ ခြေရာခံလိုက်နေတာကို ကာကွယ်ချင်တယ်ဆိုရင် site တစ်ခု ချင်းစီရဲ့စေတနာနဲ့ ထည့်ပေးထားတဲ့ လုံခြုံရေးကို အားမထားချင်ဘူးဆိုရင်၊ ဒါမှမဟုတ် တာဝန်ရှိအဖွဲ့အစည်းက တားဆီးတဲ့အချိန်ကို မစောင့်ချင်ရင် third-party browser add-on တွေကို သုံးနိုင်ပါတယ်။ Tool ၃မျိုးကို စမ်းသပ်ခဲ့ပါတယ်။ အသေးစိတ်ကိုတော့ *find.pcworld.com/72886* မှာ ကြည့်ရှုနိုင်ပါတယ်။

### AVG Do-Not-Track

Windows အတွက် antivirus program တစ်ခု ဖြစ်တဲ့ AVG (*find.pcworld. com/72887* ) က Chrome၊ Firefox နဲ့ Internet explorer တို့အတွက် ကုမ္ပဏီရဲ့ Do-Not-Track add-on ကို ထုတ်လုပ်ပေးထားပါတယ်။ ဒါက ကြော်ငြာ site network တွေကို တားဆီးပေးပါတယ်။ ဒါပေမဲ့ social နဲ့ web-analytics item မှာပါ တားဖို့ setting မှာ မပြင်ထားဘူးဆိုရင် တားဆီးနိုင်မှာ မဟုတ်ပါဘူး။

### Do Not Track Plus (DNT+)

Abine ရဲ့ Do Not Track Plus (*find.pcworld. com/72888*) က Chrome၊ Firefox၊ IE နဲ့ Safari တို့မှာသုံးလို့ရပါတယ်။ စမ်းသပ်မှုမှာတော့ AVG ထက်ပိုပြီး cookies တွေကို ကာကွယ်နိုင် ပါတယ်။ ပုံမှန်အနေအထားမှာ AVG က ခွင့်ပြုလိုက်တဲ့ facebook ခလုတ်တွေ၊ google ရဲ့ +1 ခလုတ်လိုမျိုး cookies တွေကိုတောင်မှ ရုပ်ပစ်နိုင်ပါတယ်။ ပြီးတော့ DNT+ က ဒီခလုတ်တွေ ပေါ်မှာclick လုပ်ပြီး လူမှုရေးကွန်ယက် လုပ်ဆောင်ချက်တွေကို ဆက်လက် လုပ်ဆောင်နိုင်စေမှာပါ (DNT+ထဲထားပြီး facebook ကို chrome နဲ့ သုံးနေချိန်မှာ Like ခလုတ်လေးတွေ အလုပ်မလုပ်ပါဘူး)။

### Ghostery

ဒီ addon လေးက အရမ်းကောင်းလွန်းလို့ ဒီနှစ်ရဲ့ best free stuff စာရင်းထဲမှာ ထည့်ထားပါတယ်။ ပုံမှန်ဆိုရင်တော့ Ghostery (*find.pcworld. com/72889*) က cookies တွေ ရှိနေတယ်ဆိုတာကိုပဲ သတိပေးနိုင်ပါတယ်။

အဲဒါတွေကို တားချင်တယ်ဆိုရင် setting ထဲမှာ သူနဲ့ဆိုင်တဲ့ လုပ်ဆောင်ချက်ကို ဖွင့်ပေးရမှာဖြစ်ပါတယ်။ စမ်းသပ်ချက်မှာတော့ DNT+ လောက်တော့ အစွမ်းမထက်ပါဘူး။ ဒါပေမဲ့ သေချာတာတစ်ခုကတော့ AVG tool ထက်တော့သာပါတယ်။ ■

# 802.11ac : နောင်လာမယ့် Wi-Fi မျိုးဆက်

လာမယ့် 802.11 ac wireless networking standard ဟာ 11n က 11g မှာ လုပ်သလိုမျိုး 11n မှာ လုပ်လို့ရမယ်လို့ ကတိပြုထားပါတယ်။ ဒီ IEEE802.11ac standard ဟာ ၂၀၁၃ နှစ်မကုန်ခင်အထိတော့ အပြီးသတ်ဦးမှာ မဟုတ်သေးပါဘူး။ ( Draft 2.0 ကို တီထွင်နေဆဲဖြစ်ပါတယ်။) Wi-Fi alliance က ပေါင်းစည်းလုပ်ဆောင်နိုင်စွမ်း မရှိဘူးဆိုပေမဲ့လည်း ထုတ်ကုန်တွေမှာ 802.11ac ပါဝင်မှုကို ၂၀၁၂ အလယ်လောက်မှာ ရရှိနိုင်မယ်လို့ ဆိုထားပါတယ်။

ဒီနောက်ဆုံးပေါ် အိမ်သုံးနဲ့ အသေးစားစီးပွားရေးလုပ်ငန်းသုံး ထုတ်ကုန်အတော်များများရဲ့ သက်တမ်းတစ်ဝက်လောက်က backward compatible ဖြစ်တဲ့ 802.11n ကို သုံးပြီး ကုန်ဆုံးရပါလိမ့်မယ်။ မေးစရာရှိနေတာက အိမ်သုံး user တွေကရော 802.11 ရဲ့ စွမ်းဆောင်ရည် အပြည့်ရရှိမှာလား ဆိုတာပါပဲ။ အိမ်သုံး internet connection တွေ ( အိမ်သုံး Ethernet switch တွေ router port တွေမပါဘူး) တောင် stream သုံးခုလောက်ဆွဲပြီး 1.3 gigabits-per-second နှုန်းအောက်နဲ့ စံချိန်ချိုးနိုင်ပါတယ်။ ဒီနှုန်းက 40MHz 802.11 ac ရဲ့ နှုန်းကိုလိုက်မှီပါတယ်။

အမြန်နှုန်းနဲ့ စွမ်းဆောင်နိုင်တဲ့ အကွာအဝေး တိုးတက်မှုနဲ့ စိတ်ချစွာချိတ်ဆက်နိုင်မှု စတဲ့အချက်တွေက 802.11n mode မှာကတည်း က သိသိသာသာရှိသင့်တာပါ။ ဒါပေမဲ့လည်း အိမ်ထဲမှာ video တွေကို ဖြန့်ဝေကြည့်ရှုနိုင်တဲ့အချက်ကတော့ အသုံးပြုသူတွေ 802.11ac ကို စောစောစီးစီး သုံးစွဲစေဖို့ မက်လုံးတစ်ခုပဲဖြစ်ပါတယ်။ ■

# Tech Spotlight : အသေးစားသော့ချိတ်လေးများ









### Cobra Tag

ဒေါ်လာ ၆၀ တန် Cobra Tag က သော့တွေကို မပျောက်စေတော့ပါဘူး။ ကိုယ့်ရဲ့သော့တွေမှာ၊ ဒါမှမဟုတ် အိတ်မှာ sensor ကို တပ်ထားရုံနဲ့ Android နဲ့ BlackBerry phone ပေါ်မှာ သူ့ရဲ့ သက်ဆိုင်ရာ software နဲ့ ပြန်ပြီး နေရာပြန်ရှာလို့ရတာဖြစ်ပါတယ်။ ပိုပြီး ကောင်းတာက နှစ်ဖက်လုံးကနေ ပြန်ရှာလို့ရပါ တယ်။ Phone ကို အိမ်မှာ နေရာမှားထားမိရင်လည်း CobraTag ကခလုတ်ကို နှိပ်လိုက်တာနဲ့ phone ကအသံမြည်လာမှာဖြစ်ပါတယ်။

### Magellan Weather Station Keychain

ဒီ ၂၃ ဒေါ်လာတန် ကျစ်ကျစ်လစ်လစ်ရှိတဲ့ ပစ္စည်းလေးက အပြင်သယ် ယူသွားလို့ကောင်းတဲ့ အရာလေးတစ်ခုပါ။ အလေးချိန်ခံနိုင်တဲ့ ချိတ်လေးနဲ့ ချိတ်ထားတဲ့ Weather Station Keychain လေးက ကမ္ဘာရဲ့ ဘယ်နေရာကနေမဆို အပူချိန်၊ စိုထိုင်းဆ စတာတွေကို ခန့်မှန်းပေးနိုင်ပါတယ်။ ပြီးတော့ အဲဒီပစ္စည်းလေးမှာ နှိုးစက်နာရီ၊ ပြက္ခဒိန်၊ သံလိုက်အိမ်မြှောင်နဲ့ built-in LED light တွေလည်း ပါရှိပါသေးတယ်။

### Flipsync II Keychain Charge and Sync Cable

Phone အားကုန်သွားပြီး USB ကြိုးမပါလို့ အားသွင်းလို့မရတဲ့ အဖြစ်တွေကို ကြုံဖူးကြမှာပါ။ ၁၈ ဒေါ်လာတန် Scosche Flip SyncII ကို စမ်းကြည့်ပါ။ ပုံစံနှစ်မျိုးနဲ့ရနိုင်ပါတယ်။ တစ်မျိုးကတော့ Micro- နဲ့ Mini- USB device တွေအတွက် ဖြစ်ပြီး နောက်တစ်မျိုးကတော့ iPhone နဲ့ iPod တွေအတွက် ဖြစ်ပါတယ်။ ဒီ USB ကြိုးအသေးလေးတွေကသော့ချိတ်ထဲကိုခေါက်ထည့်ထားလို့ရပြီး သော့ချိတ်နဲ့ တစ်သားထဲ ဖြစ်နေစေမှာပါ။

### Hijack Headphone Splitter Keychain

ဒါကတော့ သူငယ်ချင်းနဲ့ သီချင်းကို အတူတူမျှဝေနားထောင်ချိန် မှာ သုံးဖို့အတွက် သာမန်ပစ္စည်းလေးတစ်ခုပဲ ဖြစ်ပါတယ်။ ပြီးတော့ သူက stereo နဲ့နားဆင်လို့ရပါတယ်။ ၁၀ဒေါ်လာတန် ဒီပစ္စည်းလေးက နားကြပ်ပေါက်ကို ၂ ပေါက်ခွဲလို့ ရစေပါတယ်။ သာမန်နားကြပ်ပေါက် အကုန်လုံးနဲ့လည်းအဆင်ပြေပါတယ်။ ဒီပစ္စည်းလေးကို အသုံးမပြုတော့တဲ့ အချိန်မှာ သယ်ယူလို့လွယ်ကူအောင် သော့ချိတ်ကွင်းအဖုံးထဲကို စွတ်ထားလိုက်ရုံပါပဲ။ ■

## GEEKTECH

# Plastic Mimics Skin ရဲ့ ကိုယ့်ကိုကိုယ် ပြန်ပြင်နိုင်စွမ်း

**အနာဂတ်မှာ mobile phone တွေပြုတ်ကျခဲ့ရင် casing အပြင်မှာဖြစ်တဲ့ ကွဲရာတွေ အဆင်းရာတွေကို ပြင်နိုင်ပါလိမ့်မယ်။**

နောင်တစ်ချိန်မှာ smartphone ဒါမှမဟုတ် laptop တစ်လုံးဝယ်ပြီး အမှတ်တမဲ့ ပြုတ်ကျသွားခဲ့ရင် အပြင်ပလတ်စတစ် အခွံပေါ်ကအက်ရာတွေ အဆင်းရာတွေကို စိတ်ပူစရာမလိုတော့ပါဘူး။ ဒီလိုဖြစ်ခဲ့ရင် ပစ္စည်းပျက်စီးသွားမယ့်အစား သူ့အလိုလို ပြန်လည် ပြင်ဆင်နိုင်ပါလိမ့်မယ်။

Hattiesburg မှာရှိတဲ့ Southern Mississippi တက္ကသိုလ်သုတေသီတွေက လူတွေရဲ့အသားအရေလို အနာဖြစ်သွားရင်ပြန်ပြီး အလိုလိုကုသနိုင်တဲ့ အချက်ကိုတုပထားတဲ့ plastic အမျိုးအသစ် ကြေငြာခဲ့ပါတယ်။ အက်တာပဲဖြစ်ဖြစ် အစင်းရာဖြစ်တာပဲဖြစ်ဖြစ် ဖြစ်တဲ့နေရာမှာ အနီရောင်ပြောင်းသွားပြီး အလင်းရောင် ဒါမှမဟုတ် ပတ်ဝန်းကျင်အပူချိန် ဒါမှမဟုတ် pH ပြောင်းလဲမှုတွေ ရှိလာတဲ့အခါမှာ ပြန်လည်ပြုပြင်ပေးတာမျိုးဖြစ်ပါတယ်။ အဲဒီအဖွဲ့က American Chemical Scoiety ရဲ့ ၂၄၃ ကြိမ်မြောက် Meeting & Exposition မှာ ဒီ plastic အသစ်အကြောင်းကို စာတမ်း တင်ခဲ့တာ ဖြစ်ပါတယ်။

ဒီ plastic အသစ်ရဲ့ ကိုယ့်ကိုကိုယ် ပြန်လည်ပြုပြင်နိုင်တဲ့ အစွမ်းရဲ့ လျှို့ဝှက်ချက်ကတော့ အလွန်သေးငယ်တဲ့ molecular ချိတ်ဆက်အတန်းလေးတွေကို ပစ္စည်းတစ်ခုလုံးမှာ အသုံးပြုထားတာပဲ ဖြစ်ပါတယ်။ ပလတ်စတစ်က အက်သွားပြီဆိုရင် ချိတ်ဆက်အတန်းလေးတွေလည်း ကွဲသွားပါတယ်။ အဲဒီအခါ ကွဲသွားတဲ့နေရာမှာ အနီရောင်အမှတ်အသားလေးပေါ်လာပါတယ်။ အလင်းရောင်ဒါမှမဟုတ် အပူချိန်ပြောင်းလဲမှု တွေနဲ့ တွေ့တဲ့အခါ plastic က နဂိုပုံစံပြန်ဖြစ်ပြီး အနီရောင် အမှတ်အသား

လည်း ပျောက်သွားပါတယ်။ ဒီသုတေသနလုပ်ငန်းကို ဦးဆောင်တဲ့ Professor Marek W.Urban ကသူ့အလိုလိုပြန်ပြင်နိုင်တဲ့ plastic ရဲ့ အစွမ်းက တစ်ခါတည်း ပြင်နိုင်တာမဟုတ်ပါဘူး။ ထပ်ခါထပ်ခါ ပြင်နိုင်စွမ်းရှိပါတယ်လို့ ဆိုပါတယ်။ ယင်းကို ဈေးကွက်ထဲဖြန့်ဖို့အတွက် အဆင်သင့် မဖြစ်သေးပါဘူး။ ဒါပေမဲ့ နည်းပညာပစ္စည်းတွေ၊ လေယာဉ်စက်ပစ္စည်းတွေနဲ့ စစ်ဘက်သုံး ပစ္စည်းတွေမှာ အသုံးပြုဖို့တော့ ဖြစ်နိုင်ခြေရှိပါတယ်။ Urban ရဲ့ သုတေသနအတွက် ထောက်ပံ့ကြေးတွေကိုတော့ အမေရိကန် ကာကွယ်ရေး ဝန်ကြီးဌာနကနေ ရရှိတာဖြစ်ပါတယ်။


Nissan ရဲ့ scratch shield iPhone cask

## Self-Healing iPhone Case

Nissan က ပထမဦးဆုံးအနေနဲ့ သူ့အလိုအလျောက် ပြန်လည်ပြုပြင်နိုင်တဲ့ နည်းပညာကိုသုံးပြီး အဆင်းရာထင်ရင် ပြန်လည်ပြင်ဆင်နိုင်တဲ့ iPhone case ကို ထုတ်လုပ်လိုက်ပါတယ်။ ဒီ Nissan Scratch Shield iPhone case (*find.pcworld.com/72849*)က polyrotaxane-based သုတ်ဆေးကိုသုံးထားပါတယ်။ အဲဒီဆေးက အက်ကွဲတာတွေ အဆင်းရာတွေ ပြင်ဆင်ပြီးနောက်ပိုင်းမှာ နဂိုမူလပုံစံကို ပြန်လည်ရောက်သွားစေမှာပါ။ ဒီကုမ္ပဏီက ပြန်လည်ပြုပြင်နိုင်တဲ့သုတ်ဆေးတွေကို Nissan နဲ့ Infiniti-branded car တွေမှာ အသုံးပြုနေကြပါပြီ။ ဒီ iPhone case ကို beta testing အဆင့်မှာ အဖွဲ့ငယ်တစ်ဖွဲ့နဲ့ စမ်းသပ်နေပါတယ်။ တကယ်လို့ Nissan က တောင်းဆိုမှုတွေသာ မြင့်မားလာမယ်ဆိုရင် ၂၀၁၂ အကုန် မတိုင်ခင်မှာ ဈေးကွက်နဲ့ ကိုက်ညီမှုရှိတဲ့အမျိုးအစားကို ထုတ်လုပ်မယ်လို့ ပြောထားပါတယ်။

ဒါကအရမ်းကောင်းတဲ့ plastic ဖြစ်တာကြောင့် သုတေသီ တွေက မြင့်မားတဲ့အပူချိန်ကိုပါ ခံနိုင်တဲ့နည်းပညာကို ဆက်လက်ကြိုးစားလုပ်ဆောင်နေပါတယ်။ ■

# Microsoft အနေနဲ့ Windows 8 မှာ ပြင်ဆင်သင့်တဲ့အရာ ၄ ခု

Windows 8 ကို မျှော်လင့်စောင့်စားနေကြပါတယ်။ ဒါပေမဲ့ ဒီ Windows ကိုထုတ်လိုက်ပြီဆိုတာနဲ့ ဘယ်လောက်အောင်မြင်မလဲ ဆိုတာက စိတ်ဝင်စားစရာပါပဲ။ ဒီလိုစောင့်မျှော်နေတာ ကိုယ်တစ်ယောက်ထဲတော့ မဟုတ်ပါဘူး။ သုံးစွဲသူတွေဘက်က ကြည့်မယ်ဆိုရင် blogger တွေ၊ စစ်ဆေးရေးတွေ နဲ့ ကျွမ်းကျင်သူတွေက ဒီ OS ဟာ တကယ်ထုတ်လုပ်ဖို့အတွက် အဆင်သင့် မဖြစ်သေးဘူးလို့ ဆိုပါတယ်။ ဒါကြောင့် vista လို ရှုံးနိမ့်မှုမျိုး မရချင်ဘူးဆိုရင် အောက်မှာရှိတဲ့ အချက်လေးချက်ဟာ Microsoft က ပြင်ဆင်ဖို့ အာရုံစိုက်သင့်တဲ့အရာတွေပါပဲ။



ဘယ်ဘက်ထောင့်ကို ထောက် လိုက်မှသာ start menu ကို မြင်ရမှာပါ။

### Desktop mode ကို default ထားပေးပါ

Metro interface က Windows ကို touch device တွေမှာ အသုံးပြုရလွယ်ကူအောင် ပြုလုပ်ထားတဲ့အတွက် အရမ်းကောင်းတဲ့ တီထွင်မှုတစ်ခုပါ။ ဒါပေမဲ့ keyboard၊ mouse ဒါမှမဟုတ် touchpad ပါတဲ့ PC တွေ အတွက်တော့ ကသိကအောက် ဖြစ်စရာပါပဲ။ Windows 8 ကို Desktop ၊ ဒါမှမဟုတ် Laptop မှာ install လုပ်မယ်ဆိုရင် desktop mode က default ဖြစ်သင့်ပါတယ်။

ဒါမှမဟုတ်ရင် install လုပ်နေ ချိန်မှာ ဘယ် interface ကို default ထားမလဲဆိုတာ အနည်းဆုံးတော့ ရွေးချယ်ခွင့် ပေးသင့်ပါတယ်။

### Tile အစုဖွဲ့စည်းမှုပြုခွင့်ပေးထားပါ

Metro မှာ Mircrosoft က သုံးစွဲသူတွေအတွက် tile တွေကို folder တွေအပေါ် iOS လိုမျိုး drag and drop ဆွဲပြီး အစုဖွဲ့စည်းခွင့်ပြုသင့်ပါတယ်။ လက်ရှိ Office 2010 ကို install လုပ်မယ်ဆိုရင် tile အသစ်တွေ တစ်ပုံကြီး တွေ့ရမှာပါ။ အဲဒီလိုမဟုတ်ဘဲ ဒီ Office program တွေ အားလုံးကို "Office 2010" tile အဖြစ် တစ်စုတစ်စည်းထဲထားနိုင်ရင် ပိုကောင်းလာမှာပါ။

### Tile များ တည်ဆောက်နိုင်မှုအရေအတွက်ကို ကန့်သတ်ထားပါ

ပုံမှန် Windows 8 installation က စာမျက်နှာတစ်ခုမှာ လက်ခံနိုင်တဲ့ tile တွေထက်ပိုပြီး ဖန်တီးခွင့်ပေးထားပါတယ်။ Box တစ်ခုကနေပြီးတော့ tile page တစ်ခုကို ထုတ်ပေးမယ်ဆိုရင်တော့ ပိုပြီးရှင်းလင်းမှာပါ။ ပြီးတော့ OS က သူရဲ့ ရှုပ်ထွေးမှုအဆင့်တွေကို အသုံးပြုသူတွေ စိတ်ကြိုက်သတ်မှတ်ခွင့်ပြုသင့်ပါတယ်။

### Start button ပြန်ထားပေးပါ

Desktop mode မှာ Consumer preview က Windows 7 နဲ့ တူပါတယ်။ မတူတာကတော့ Start button မပါရှိတာပဲ ဖြစ်ပါတယ်။ Metro start menu pop up လေးပေါ်လာဖို့ ဘယ်ဘက်ထောင့်ကို သွားထောက်ထား ရမှာပါ။ ဘာဖြစ်လို့ start button ကို မြင်သာအောင် မထားပေးထားတာပါလဲ။ သုံးစွဲသူတွေ သုံးလေ့သုံးထရှိတဲ့နေရာမှာတော့ ဒီစနစ်ကို အသုံး ပြုခွင့်ပေးသင့်ပါတယ်။ ■

## BREIFS

### Best Buy က US မှာရှိတဲ့ ဆိုင် ၅၀ ကိုပိတ်လိုက်ခြင်း




ပြိုင်ဆိုင်မှုတွေ ဆက်လက်ရှိနေဖို့အတွက် Best Buy က လာမယ့် ဘဏ္ဍာရေးနှစ်မှာ သူရဲ့အကြီးအကျယ်ဆုံးနေရာတွေထဲက ဆိုင်ပေါင်း ၅၀ ကို ပိတ်လိမ့်ပါမယ်။ ဒါပေမဲ့ mobile device တွေကိုသာ သီးသန့်တင်မယ့် ဆိုင်ပေါင်း ၁၀၀ ကိုဖွင့်နေပါတယ်။ Wall Street Journal အရ ဝန်ထမ်းလျော့ချရေးကို ၄၀ ရာ ခိုင်နှုန်းအထိ တိုးဖို့စီစဉ်နေပါတယ်။ Customer တွေ အတွက် ဒါကဘာ လဲဆိုတာ ရှင်းရှင်းလင်းလင်း မသိရသေးပါဘူး။ Best Buy ရဲ့ Reward Zone Silver program အဖွဲ့ဝင်တွေကတော့ မြန်ဆန်တဲ့ အခမဲ့ပို့ဆောင်မှုတွေ၊ 60–day return-window နဲ့ ဈေးနှုန်းညှိနှိုင်းမဲ့ နည်းလမ်းတွေနှင့် နာမည်ကြီးထုတ်ကုန်တွေကို စောစောစီးစီးအသုံးပြုနိုင်မယ့်အကျိုးခံစားခွင့် စတာတွေပါဝင်တဲ့ အကျိုးကျေးဇူးတွေကို ရရှိခံစားရတော့မှာပါ။

### Online မှာပဲသုံးလို့ရတော့မယ့် Encyclopedia Britannica



နှစ်ပေါင်း ၂၄၄ နှစ်နောက်ပိုင်းမှာ Encyclopedia Britannica က အရောကျတဲ့ မှီငြမ်းစာအုပ်တွေ ပုံနှိပ်ထုတ်ဝေမှုကို အပြီးသတ် ရပ်ဆိုင်းလိုက်ပြီး digital နည်းပညာနဲ့ ထုတ်ဝေမှုကိုသာ အာရုံစိုက်လာပါတယ်။ ၂၀၁၀ edition က နောက်ဆုံး ပုံနှိပ်ထုတ်ဝေခြင်းလည်း ဖြစ်ပါတယ်။ ဒီ encyclopedia ကို online ပေါ်မှာ ဖြန့်ဝေလာတာ နှစ်ပေါင်း ၂၀ ရှိပြီးပညာရေး အဖွဲ့အစည်းတွေရဲ့ အစီအရင်ခံစာအရ online ပေါ်မှာရောင်းချတာ ၆၅ ရာခိုင်နှုန်းကျော်ပါတယ်။

### ၂၀၁၆ မတိုင်ခင် Windows ကိုနေဝင်ချိန်ရောက်စေနိုင်တဲ့ Andriod



IDC report အရလာမယ့် လေးနှစ်အတွင်းမှာ Andriod အသုံးပြုထားတဲ့ ARM based-device တွေက x86 based Windows device တွေရဲ့ နေရာကို ယူပြီးတော့ computing လောကကို အုပ်စိုးလာနိုင်တယ်လို့ ခန့်မှန်းထားပါတယ်။

Windows ရဲ့ market share တွေက ၂၀၁၁ မှာ ရှိတဲ့ ၃၅.၉ ရာခိုင်နှုန်းကနေ ၂၀၁၆ မှာ ၂၅.၁ ရာခိုင်နှုန်းအထိ ကျသွားလိမ့်မယ်လို့ IDC ကပြောပါတယ်။ Andriod ကတော့ ၂၀၁၁ မှာရှိတဲ့ ၂၉.၄ ရာခိုင်နှုန်းကနေ ၂၀၁၆ မှာ ၃၁.၁ ရာခိုင်နှုန်းအထိတိုးလာနိုင်ပါတယ်။ Apple iOS device တွေကတော့ ၂၀၁၁ မှာရှိတဲ့ ၁၄.၆ ရာခိုင်နှုန်းကနေ ၁၇.၃ ရာခိုင်နှုန်းအထိ တိုးလာပါလိမ့်မယ်။

### DVD နဲ့ bluray တို့ကို ကျော်တက်သွားတဲ့ online video များ



IHS ရဲ့လေ့လာမှုအရ online movie ကြည့်ရှုနှုန်းက 3.4 billion အထိမြင့်တက်သွားပြီး DVD နဲ့ bluray က 2.4 billion အထိပဲ ရှိပါတယ်။ Telecompetitor report ကတော့ ၂၀၁၁ ခုနှစ်မှာ အမေရိကန်လူမျိုးတွေဟာ online movie 1.4 billion လောက် ကြည့်ရှုခဲ့ကြပါတယ်။ ကြည့်ရှုနှုန်းက ထင်ထားတာထက် ပိုပြီး မြင့်တက်လာဖို့ပဲ ရှိပါတယ်။ ဒါက online video market ပြိုင်ဆိုင်မှု ဘယ်လောက်အထိမြင့် တက်လာပဲဆိုတာကို ခန့်မှန်းနိုင်လောက်ရုံပဲ ရှိပါတယ်။ ■

# Staff Picks



## STM Hood Laptop Backpack

နေ့တိုင်း laptop၊ charger၊ smartphone နဲ့ စာရွက်စာတမ်းတွေကို ကျောပိုးအိတ်နဲ့ သယ်သွားနေရတယ်ဆိုရင် ပခုံးကတော့ သနားစရာ ဖြစ်နေပါပြီ။ တောင့်တောင့်တင်းတင်းရှိတဲ့ ကျောဘက်နဲ့ ထူထူထဲထဲရှိတဲ့ ထောင်လိုက်ကူရှင်တွေပါတဲ့ ၈၅ ဒေါ်လာတန် Hood က အလေးချိန်ကို ဖြန့်ကျက်ထားတဲ့အတွက် အလေးဒဏ်ကို သိပ်မခံစားရစေပါဘူး။ (*find.pcworld.com/72877*)



## Metro Twit

Microsoft ရဲ့ Metro interface ရဲ့ အသွင်အပြင်ကို နှစ်သက်ရင်တော့ တောက်ပြောင်အရောင်စုံပြီး feature တွေ စုံလင်တဲ့ Metro Twit (အခမဲ့နဲ့ ၁၅ ဒေါ်လာတန်) ကို ကြိုက်နှစ်သက်မှာပါ။ နောက်ဆုံးပေါ် ပိုက်ဆံပေးရတဲ့ version ကတော့ account တွေကို တစ်ခု ထပ်ပိုပြီး သုံးလို့ရ ပါတယ်။ ပြီးတော့ ဘယ် screen အရွယ်အစားကိုပဲသုံးသုံး ကိုယ့်ရဲ့ tweet ကနေ နောက်ဆုံး post တွေကိုချုံ့ဖို့ column တွေကို အရွယ်အစား ချိန်လို့ရပါတယ်။ ( *metrotwit.com*)




## Western Digital My Passport 2TB

Cloud တွေကို မယုံဘူးလား။ အိတ်ထဲမှာ data တွေကို 2TB ထည့်ထားနိုင်ရင်တော့ cloud မလိုတော့ပါဘူး။ ဒီ Western Digital ရဲ့ My Passport drive (ဒေါ်လာ 250) က တစ်ဘဝလုံးစာ ပုံတွေ၊ သီချင်းတွေ၊ file တွေကို smartphone လောက် အလေးချိန်နဲ့ အရွယ်ရှိတဲ့ package ထဲမှာ စုပုံပြီး ထည့်ထားလို့ရပါတယ်။ USB 3.0 file တွေ ရွှေ့ပြောင်းတဲ့အခါ စောင့်ရတဲ့အချိန်ကို သက်သာစေပါတယ်။ *(find.pcworld.com/72878)*







## Andriod အတွက် Instagram

iPhone မှာပဲရတဲ့ဓာတ်ပုံတွေကို ဝေမျှနိုင်တဲ့ Instagram ဟာ Andriod အတွက် ရောက်လာပါပြီ။ မကြာသေးခင်ကမှ facebook က ဝယ်လိုက်တဲ့ Instagram ဟာ ဓာတ်ပုံတွေရိုက်တာ၊ filter လုပ်တာ ပြီးရင် Instagram ရဲ့ ကိုယ်ပိုင်လူမှုရေး ကွန်ယက်ဖြစ်တဲ့ instagram အပေါ်အဝင်တခြား နေရာတွေဆီကို ဝေမျှမယ် စတာတွေကို လုပ်ဆောင်ပေးနိုင်ပါ တယ်။ (*instagr.am*)

ဦးမြင့်ဆွေ